# အရေးကြီးကာလကိုရောက်တော့မယ်

မစ္စတာဂမ်ဘာရီဒီတခါလာတော့ နအဖအစိုးရက ပါတီဝင်၄၄ယောက်(ဒီအထဲမှာ ၁၄ယောက်က ဗဟိုဦးစီးအဖွဲ့ဝင်)ရှိတဲ့ “၈၈ မျိုးဆက်လူငယ်ကျောင်းသားများ”လို၊ သခင်စိုးဝါဒီ “အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့်တိုးချဲ့ထုတ်လုပ်မှု ကျောင်း တော်သားစု”လို၊ သူတို့ရဲ့အုတ်ကြားမြက်ပေါက်၊ ဖြုတ်စဖြင်းတောင်းအဖွဲ့တွေကိုပွဲထုတ်လိုက်တယ်။ အဓိပ္ပာယ်က ၁၉၉၀ခုနှစ် ရွေးကောက်ပွဲတုန်းက လူထုထောက်ခံမှု၈၀%ကျော်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့နဲ့ အဖွဲ့အစည်းတွေကို တတန်းတည်းထား ပြလိုက်တာဖြစ်တယ်။ နောက်ပြီးသူတို့ရွေးကောက်ပွဲကိုလည်း ပွဲထုတ်လိုက်တာပဲဖြစ်တယ်။

အမှန်ပဲ။ ဒီနှစ်ဟာနအဖစစ်အုပ်စုအတွက် ရွေးကောက်ပွဲပြင်ဆင်ရေးကာလဖြစ်တယ်။ ဒါပေမဲ့ဒါဟာ ပန်းခင်းလမ်းမဟုတ်တာ သေချာတယ်။ အတက်လမ်းပဲ။ နအဖအဖို့ရွေးကောက်ပွဲလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ ရွေးကောက်ပွဲမှာသူ့လူတွေနိုင်သည် ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ၊ တိုင်းပြည်အာဏာကိုသပိတ်ဝင်အိတ်ဝင် ရထားတယ်ဆိုတာတော့မှန်တယ်။

အခုအခါနအဖစစ်အစိုးရရဲ့ ဝန်ကြီးအဖွဲ့အတွင်း ရှန်တိန်လုပ်နေတာတွေစပြီးတွေ့နေရပြီ။ နောက်အစိုးရမှာ ဝန်ကြီးလုပ်မယ့် လူတွေ၊ ရွေးကောက်ပွဲမှာအရွေးခံမယ့်လူတွေ စသဖြင့်သူတို့တွင်းစီစဉ်တာ ပြင်ဆင်တာတွေကိုမြင်နေရပြီ။ ကြံ့ဖွတ်၊ တစည စသူ တွေလည်းအလုပ်ရှုပ်နေကြပြီး စီးပွားရေးသမားတွေ၊ စစ်အုပ်စုအဆက်အနွယ်ဟောင်းတွေလည်း ပျားပန်းခတ် ခြေပုန်းခုတ်နေ ကြတယ်။ ဒ့ါအပြင်နိုင်ငံရေးသမားဟောင်းကြီးတချို့လည်း ပြန်ထွက်လာတာဟာ စိတ်ဝင်စားစရာပဲ။ ပြည်ပမှာတောင်မှ နအဖရဲ့ ရွေးကောက်ပွဲကိုဝင်ဖို့ ပြင်ဆင်နေတာ၊ စည်းရုံးနေတာတွေတွေ့နေ၊ ကြားနေရတာဟာ အံ့သြကုန်နိုင်ဖွယ်လို့ဆိုရမှာပဲ။

အခုလိုရာထူးတွေ၊ အာဏာတွေ၊ အခွင့်အရေးတွေခွဲဝေပေးမယ့် ရွေးကောက်ပွဲမှာ နအဖအနေနဲ့ သူ့လူတွေသူထိန်းချုပ်နိုင် ပါ့မလား။ တခြားလူတွေ၊ တခြားအင်အားစုတွေကို ဘယ်လောက်စုမိလို့ ဘယ်လောက်အားတောင့်တဲ့ အနေအထားအထိ သည်းညည်းခံနိုင်မလဲ။ တကယ်လို့များသူတို့ကိုဆန့်ကျင်သူတွေက လွှတ်တော်ထဲမှာအများစုဖြစ်လာရင် နအဖကဘယ်လို သဘောထားမလဲ။ ဒါတွေကလည်းစိတ်ဝင်စားစရာပဲ။

ဒါပေမဲ့ သေချာတာတခုက နအဖကမျက်မှောင်ကုတ်ကြည့်နေတဲ့ နအဖရဲ့ ၂၀၁၀ဒီမိုကရေစီဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်နဲ့ ကိုမင်းကိုနိုင်တို့လို ရှစ်လေးလုံးမျိုးဆက်တွေအတွက် မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ ဖမ်းထားတဲ့လူတွေကို ရွေးကောက်ပွဲရဲ့ အချက်အခြာဒေသတွေနဲ့ ဝေးသထက်ဝေးတဲ့ထောင်တွေကို ပို့နေတာကြည့်ရင် ရည်ရွယ်ချက်ကရှင်းနေတယ်။ အဖွဲ့ချုပ်ကိုလည်း အင်ပလိုးရှင်း(implosion)ခေါ် သူဖာသာအတွင်းပိုင်းလှိုက်ပြီးပြိုကျသွားတာ၊ ဒါမှမဟုတ် သူ့အလိုလိုပြိုကွဲ ပျက်စီးသွားတာမျိုးတွေ ဖြစ်အောင်၊ လက်သည်မပေါ်ပဲ သတ်ပစ်နိုင်အောင် နအဖက ကောက်ကောက်ကျစ်ကျစ်လုပ်ကြံနေ၊ အာဘော်လွှင့်နေတာတွေ အမျိုးမျိုးတွေ့နေရတယ်။ ဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေကိုတရားခံဖြစ်အောင် အခုကတည်းကစနစ်တကျ အာဘော်ဖန်တီးနေတယ်။ နအဖအဖို့ သူတို့ရဲ့လမ်းပြမြေပုံအဆုံးပိုင်းနားကို ရောက်လာပြီဖြစ်တဲ့အတွက် လက်နက်ကုန်ထုတ်သုံးတော့မယ်ဆိုတာကို သံသယဖြစ်စရာမလိုဘူး။ ဒါပေမဲ့ဒီလိုပြောတဲ့အတွက် ပြည်သူတွေကဒါကိုကြောက်လန့်ဖို့မဟုတ်ဘူး။ ပြည်သူတွေဖက်ကလည်း လက်နက်ကုန် ထုတ်မသုံးရသေးဘူးဆိုတာ မမေ့သင့်ဘူး။ နအဖအကြောက်ဆုံးဖြစ်တဲ့၊ ညျူကလီယာလက်နက်ထက် အစွမ်းထက်တဲ့ လက်နက်ကြီးတခုဖြစ်တဲ့ ပြည်သူ့အင်အားဖော်ပြမှုဆိုတဲ့ လက်နက်ကြီးကို မသုံးစွဲရသေးဘူး။ အခုမှလူထုတွေဟာ ဒီလက်နက်ကြီးကို တည်ဆောက်ဆဲ ရှိသေးတယ်လို့ မြင်ရမယ်။ ဒ့ါအပြင်ဒီလက်နက်မှာကျည်ဆံကုန်တယ်လို့ မရှိဘူးဆိုတာလည်း မှတ်သားထားသင့်တယ်။

နောက်မျဉ်းသားပြသင့်တဲ့ အကြောင်းအရာတခုက နအဖမှာ တခြားအခက်အခဲတွေလည်း ရှိနေသေးတယ်ဆိုတာပဲ။ သူတို့အဖို့ မီးဝိုင်းနေတဲ့အခြေအနေလို့မဆိုနိုင်ပေမဲ့ မီးခဲကိုဖင်ခုထိုင်နေရတဲ့ အခြေအနေမျိုးလို့တော့ ဆိုနိုင်တယ်။ အဲဒီအထဲက တခုကအပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းတွေကိစ္စပဲဖြစ်တယ်။ ဒီအဖွဲ့တွေမှာ သဘောထားတမျိုးထဲရှိကြတာမဟုတ်သလို စဉ်းစားနည်းတွေလည်းအမျိုးမျိုးကွဲကြတာပဲ။ ဒါပေမဲ့တူညီတာတခုက သူတို့အားလုံးဟာ နအဖစစ်အစိုးရကို အကုန်ပုံပြီး မယုံသေးဘူးဆိုတဲ့အချက်ပဲ။ အားလုံးဟာ ‘စောင့်ကြည့်’ ပေါ်လာစီကို ကိုင်ပြီး အကဲခတ်နေကြတာဖြစ်တယ်။ ကိုယ့်ကြမ္မာကို နအဖရဲ့ကံကြမ္မာနဲ့တထပ်ထဲထားလိုက်ရင် ကိုယ့်ဘဝရော၊ ဂုဏ်သိက္ခာရော ပစ္စလက္ခတ်ဖြစ်သွားမယ်ဆိုတာသူတို့သိကြတယ်။ သူတို့လည်း သမိုင်းတရားခံဖြစ်မှာကိုတော့ကြောက်တာပဲ။ ဒီလိုအနေအထားတွေရှိနေလို့လည်း နအဖတိုင်းမှူးတွေဟာ အဲဒီ အဖွဲ့အစည်းတွေဆီကို ဥဒဟိုချောင်းပေါက်မတတ်သွားနေ၊ “နားချ”နေကြတာဖြစ်တယ်။ ပြီးခဲ့တဲ့သံဃာ့အရေးအခင်းကြီး ပေါ်ပေါက် ခဲ့တဲ့နောက် ဗမာပြည်သူတွေအကြားမှာ လက်နက်ကိုင်ချင်စိတ်တွေပိုပြင်းပြလာတာကြောင့်လည်း နအဖဗိုလ်ချုပ်တွေအနေနဲ့ ဒီအပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို တင်းတင်းမာမာမဆက်ဆံမိအောင် ပိုသတိထား နေရတာဖြစ်တယ်။

တလောက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နအဖကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းတယ်ဆိုတာမျိုးဟာလည်း နအဖအတွက်ရင်ဆိုင်ရ၊ ကျော်လွှားရခက်တဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဖြစ်တယ်။ စစ်အစိုးရအဖို့ပြောရရင် ၈၈ခုနှစ်ကတည်းကတွေ့ကြုံနေရတဲ့ ပြည်ပဆက်ဆံရေးမှာ ခံစစ်ပဲဖြစ်နေတာကို အခုအထိပြောင်း

မပစ်နိုင်သေးဘူး။ တလှမ်းတိုးတိုင်းမစင်ပုံနင်းမိနေတာချည်း ဖြစ်နေတုန်းပဲ။ နောက်တခုက ကမ္ဘာ့စီးပွားရေးအကြပ်အတည်း။ ဒါဟာလည်း နအဖအဖို့ ကံဆိုးမသွားရာမိုးလိုက်လို့ရွာတာဖြစ်တယ်။ ပိုဆိုးတာက ဒီနေ့လိုစစ်အစိုးရအနေနဲ့ ရွေးကောက်ပွဲအတွက် ငွေအများကြီးသုံးစွဲရမယ့် ကာလမှာကျမှ ဒီစီးပွားရေးကပ်က လာဆိုက်နေတာ။ နောက်ပြီး ဒီဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ သူတို့အနေနဲ့ဘာမှလည်းမတတ်နိုင်ဘူး။ လက်မှိုင်ချပြီး ကံသာအမိကံသာအဖဆိုသလို မြန်မြန်ကုန်လွန်သွားပါစေလို့ ပရိတ်ရွတ်ဆုတောင်းနေရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။

ဒါကြောင့် ၂၀၀၉နဲ့၂၀၁၀ခုနှစ်တွေဟာ ဗမာပြည်နိုင်ငံရေးမှာ အရေးပါတဲ့နှစ်တွေ ဖြစ်လာနိုင်တယ်။ နိုင်ငံရေးအင်အားစုတွေအကြားမှာ ခွဲထွက်မှုတွေ ပေါင်းစည်းမှုတွေပေါ်လာနိုင်တယ်။ ထောင်ထဲရောက်မယ့်လူတွေလည်း မနည်းပဲရှိနိုင်တယ်။ ဒါပေမဲ့ နအဖဘာမှမတတ်နိုင်တဲ့ အနေအထားတွေလည်း ပေါ်ပေါက်လာနိုင်တယ်ဆိုတာ မျှော်မှန်းထားသင့်တယ်။ ဒီအတွက်ပြင်ဆင်တာ၊ စည်းရုံးတာတွေဘယ်လောက် လုပ်ကိုင်ပြီးကြပြီလဲ။

ဗသြ